FORTIFY RIGHTS

သတင်းထုတ်ပြန်ချက်

# ပဲခူးတိုင်းဒေသကြီးတွင် စစ်အုပ်စု၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုသည် နိုင်ငံတကာမှ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် အထူးလိုအပ်နေကြောင်း ပြသ

**စုံစမ်းစစ်ဆေးမှုအသစ်တွင် အရပ်သားပြည်သူများ ခိုလှုံလျက်ရှိသည့် ဘုန်းကြီးကျောင်းအား လေကြောင်းတိုက်ခိုက်ခဲ့မှုကြောင့် အသက်များစွာသေဆုံးခဲ့ရခြင်းအား မှတ်တမ်းတင်ထားခြင်း**

(ဘန်ကောက်မြို့၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့) ယခုနှစ် မတ်လ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီးရှိ အရပ်သားများ ခိုလှုံရာ ဘုန်းကြီးကျောင်းအား မြန်မာစစ်အုပ်စုမှ လေကြောင်းကနေ ဗုံးကြဲမှု၊ အရပ်သားများအား မြေပြင်တွင်ပစ်ခတ်မှုအပြင် အသက်ရှင်လွတ်မြောက်လာသူများကိုပါ မတရား ဖမ်းဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှုမြောက်ကြောင်း Fortify Rights အဖွဲ့က ယနေ့ ထုတ်ပြန်သည်။ စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် ဘုန်းကြီးကျောင်းအတွင်း ခိုလှုံနေသည့် အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် အရပ်သား ၂၈ ဦး သေဆုံးခဲ့ကြောင်း စုံစမ်းစစ်ဆေးမှု အသစ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာမှ အရေးယူ တာဝန်ခံမှုရှိစေရေး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အရေးတကြီး ဝိုင်းဝန်း ကူညီကြရန်နှင့် အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်မှ စစ်တပ်အုပ်ချုပ်ရေးအား တရားဝင် ဖြစ်စေရန် ကြိုးပမ်းချက်များကို ပယ်ချရန် Fortify Rights အဖွဲ့က တိုက်တွန်းလိုက်သည်။ ၎င်းအပြင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပြည်နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းများ အပါအဝင် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှုများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ရိက္ခာနှင့် အထောက်အပံ့များ ပေးအပ်ရန် လိုအပ်ကြောင်းလည်း ဖော်ပြထားသည်။

Fortify Rights အဖွဲ့က မှတ်တမ်းတင်ထားသည့် စစ်ရာဇဝတ်မှုမြောက်နိုင်သော ဖြစ်စဉ်များသည် ၂၀၂၆ ခုနှစ် မတ်လ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ရေတွင်းကုန်းကျေးရွာအုပ်စု၌ ဖြစ်ပွားခဲ့သည်။ မြန်မာစစ်အုပ်စုသည် အဆိုပါဖြစ်စဉ်အတွင်း ဒေသခံဘုန်းကြီးကျောင်းအား ဗုံးကြဲတိုက်ခိုက်ခြင်း၊ ကျေးရွာများသို့ ဝင်ရောက်စီးနင်းခြင်းနှင့် အရပ်သားများအား ဖမ်းဆီးထိန်းသိမ်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ရှင်သန်လွတ်မြောက်လာသူများနှင့် မြေပြင်ဒီမိုကရေစီအင်အားစုများ၏ ပြောကြားချက်အရ သိရှိရသည်။ ၎င်းဖြစ်စဉ်အပြီး နှစ်ရက်အကြာ မတ်လ ၇ ရက်တွင် စစ်အုပ်စု၏ ဖမ်းဆီးခြင်းခံထားရသူများကို ပြန်လည်ကယ်ဆယ်ရန် ဒီမိုကရေစီအင်အားစုများက ကယ်ဆယ်ရေး လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်ဆောင်ခဲ့သည်။

"ပဲခူးတိုင်းက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဟာ တော်လှန်ရေးအင်အားစုတွေကို ထောက်ခံတယ်လို့ ယူဆရတဲ့ ဒေသတွေမှာရှိတဲ့ အရပ်သားပြည်သူတွေကို အကြောက်တရားလွှမ်းမိုးအောင် လုပ်ဆောင်နေတဲ့ စစ်အုပ်စုရဲ့ စဉ်ဆက်မပြတ်ကျင့်သုံးနေတဲ့ မဟာဗျူဟာကို ထင်ထင်ရှားရှား ပြသလိုက်တာပဲဖြစ်တယ်" ဟု Fortify Rights ဒါရိုက်တာ John Quinley က ဆိုသည်။ "ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးမှုမှာ စစ်အုပ်စုက အရပ်သားနဲ့ စစ်သားခွဲခြားမှုပြုလုပ်ခြင်း မရှိခဲ့တာတွေအပြင် အရပ်သားများကို အကာအကွယ်ပေးဖို့ လုပ်ဆောင်သင့်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဘာမှလုပ်ဆောင်ခဲ့ခြင်းမရှိတာကို တွေ့ရှိခဲ့ပါတယ်။ အရပ်သားပြည်သူတွေ ခိုလှုံနေကြတဲ့ ဘုန်းကြီးကျောင်းကို ဗုံးကြဲတိုက်ခိုက်တာက စစ်ရေးပစ်မှတ်အရ ကျူးလွန်တာလို့ ဘယ်လိုမှ သတ်မှတ်လို့မရပါဘူး။ ကလေးငယ်တွေ အပါအဝင် အရပ်သားတွေကို သတ်ဖြတ်ခဲ့တာတွေဟာ စစ်ရာဇဝတ်မှုမြောက်နိုင်ပြီး ဒီလုပ်ရပ် တွေဟာ နိုင်ငံတကာက အရေးယူ တာဝန်ခံမှုရှိလာရေး ဘယ်လောက်အထိ အရေးတကြီး လိုအပ်နေပြီလဲဆိုတာကို ပိုမိုထင်ရှားစေပါတယ်" ဟု ၎င်းက ဆက်လက်ပြောပါသည်။

၂၀၂၆ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း Fortify Rights အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးသို့ သွားရောက်ကာ ဘုန်းကြီးကျောင်း ဗုံးကြဲခံရမှု၊ အရပ်သားများ ဖမ်းဆီးခံရမှု ဖြစ်စဉ်များနှင့် ပတ်သက်၍ ရှင်သန်လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ၊ တော်လှန်ရေးအင်အားစုများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၃ ဦးနဲ့ တွေ့ဆုံမေးမြန်းခဲ့သည်။ Fortify Rights အဖွဲ့သည် မေးမြန်းမှုအားလုံးကို လူကိုယ်တိုင် တွေ့ဆုံမေးမြန်းခဲ့သည့်အပြင်၊ ဘုန်းကြီးကျောင်းအတွင်း သေဆုံးခဲ့သည့် အရပ်သားများ၏ ဓာတ်ပုံများနှင့် စစ်အုပ်စု၏ ဖမ်းဆီးထိန်းသိမ်းခံ အရပ်သား

များကို ရိုက်ကူးထားသည့် ဒရုန်းဗီဒီယို မှတ်တမ်းများကို ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ၏ ပံ့ပိုးပေးမှုဖြင့် စိစစ်အတည်ပြုခဲ့သည်။ NUG အစိုးရ၏ ပဲခူးတိုင်းတာဝန်ရှိသူများက မတ်လ ၅ ရက် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၆ ဦးနှင့် ရေတွင်းကုန်းကျေးရွာအုပ်စု၌ သေဆုံးသူ ၂ ဦးတို့၏ အမည်များပါဝင်သည့် ထိခိုက်သေဆုံးမှုမှတ်တမ်းကို Fortify Rights အဖွဲ့ထံ ပေးအပ်ပါသည်။ အဆိုပါအမည်အားလုံးကို Fortify Rights အနေဖြင့် သီးခြားလွတ်လပ်စွာ အတည်ပြုနိုင်ခြင်း မရှိသေးပါ။

Fortify Rights အဖွဲ့၏ အချက်အလက်ဆန်းစစ်ချက်များအရ ၂၀၂၆ ခုနှစ် မတ်လ ၅ ရက် နံနက်အစောပိုင်းတွင် မြန်မာစစ်အုပ်စု၏ အမှတ်(၇၇) ခြေမြန်တပ်မ ဌာနချုပ် လက်အောက်ခံ ခြေမြန်တပ်ရင်း (၂၀)၊ ခြေလျင်တပ်ရင်း (၂၆၄) နှင့် ခြေမြန်တပ်ရင်း (၄၃၉) စစ်ကြောင်းများသည် ရေတွင်းကုန်းကျေးရွာအုပ်စုအတွင်း ဝင်ရောက်စီးနင်းကာ၊ သတ်ဖြတ်မှုနှင့် မတရားဖမ်းဆီးမှုများကို ကျူးလွန်ခဲ့ကြောင်း သိရှိရသည်။ မြန်မာစစ်အုပ်စုအနေဖြင့် ဒေသခံများအား ပစ်ခတ်မှု၊ အရပ်သားများ ခိုလှုံရာ ဘုန်းကြီးကျောင်းအား လေကြောင်းမှ ဗုံးကြဲမှုနှင့် ဒရုန်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်း ကြောင့် အရပ်သား ၂၈ ဦး သေဆုံးခဲ့ရကြောင်း အသက်ရှင်လွတ်မြောက်လာသူများ၏ ပြောပြချက်အရ သိရသည်။

တိုက်ခိုက်မှုအတွင်း ဇနီးနှင့် သားဖြစ်သူ ဆုံးရှုံးခဲ့ရသည့် အသက် ၄၃ နှစ်အရွယ် အသက်ရှင် လွတ်မြောက်လာသူတစ်ဦးမှ စစ်အုပ်စုတပ်ဖွဲ့ဝင်များသည် ဘုန်းကြီးကျောင်းအား လေကြောင်းမှ မတိုက်ခိုက်မီ ကျောင်းကုန်းရွာ၌ ၎င်းနှင့်အတူ ရွာသားအများအပြားကို ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အခြေအနေနှင့် ပတ်သက်၍ Fortify Rights ထံ အောက်ပါအတိုင်း ပြန်လည်ပြောပြပါသည်။

> “မနက် ၅ နာရီလောက်မှာ နိုးလာပြီး မြေပဲနှုတ်ဖို့ ဆိုင်ကယ်နဲ့ ထွက်ခဲ့တာ။ လမ်းကအထွက်မှာပဲ စစ်တပ်က ဖမ်းလိုက်တာ။ သူတို့က တခြားလူတွေကိုလည်း ဖမ်းထားပြီးသား၊ ကျွန်တော် ဖမ်းခံရတာ မနက် ၅ နာရီခွဲလောက်မှာပါ။ သူတို့က ကျွန်တော်တို့လက်တွေကို ကြိုးအရှည်ကြီးနဲ့ တွဲတုပ်ထားပြီး ‘မင်းတို့ PDF တွေမလား’ လို့ မေးတယ်။ ကျွန်တော်တို့က PDF မဟုတ်ကြောင်း ပြန်ရှင်းပြပေမဲ့ သူတို့က ‘မလိမ်နဲ့၊ မင်းတို့

FORTIFY RIGHTS

> ဗုံးစေ့တွေကို ဖြတ်ပစ်မယ်’ ဆိုပြီး ခြိမ်းခြောက်စွပ်စွဲခဲ့တယ်” ဟု အဆိုပါ လွတ်မြောက်လာသူက ဆက်လက်ထွက်ဆိုသည်။

၎င်းတို့ကို ဖမ်းဆီးထားသည့်နေရာတွင် စစ်ဝတ်စုံဝတ်ဆင်ပြီး ဗမာစကားပြောသည့် စစ်အုပ်စု၏ စစ်သား ၃၀ မှ ၄၀ ဦးခန့် ရှိနေကြောင်း အဆိုပါ လွတ်မြောက်လာသူက ခန့်မှန်းပြီး၊ “ကျွန်တော်တို့က PDF နဲ့ စစ်တပ်ကိုတော့ ကောင်းကောင်း ခွဲခြားသိပါတယ်” ဟု ဆက်လက်ပြောကြားသည်။

စစ်အုပ်စုစစ်သားများသည် ရွာအတွင်း စစ်ဆင်ရေးလုပ်နေစဉ် အဖြူရောင်အမှုန့်တစ်မျိုးကို နှာခေါင်းဖြင့် ရှူသွင်းကာ မူးယစ်ရီဝေနေသည့် ပုံစံမျိုး ဖြစ်နေကြောင်း အဆိုပါအမျိုးသားက ဆက်လက်ပြောပြသည်။ ၎င်းက Fortify Rights ထံ အောက်ပါအတိုင်း ထွက်ဆိုထားသည်။

> “ရူးကြောင်ကြောင်ဖြစ်နေတဲ့ စစ်သားတစ်ယောက် ရှိတယ်။ အဲဒီအချိန်တုန်းက စစ်အုပ်စုရဲ့ စစ်သားတွေအားလုံး မူးယစ်ဆေးသုံးနေကြတာ။ ကျွန်တော်က ကြိုးတုပ်ခံထားရပေမဲ့ ခေါင်းလှည့်ကြည့်လို့ရတော့ အိမ်ထဲမှာ သူတို့ ဆေးသုံးနေတာကို လှမ်းမြင်ရတယ်။ ကြည့်ရတာ အဖြူရောင်အမှုန့်တွေနဲ့ တူတယ်။ အဲဒီအိမ်က ကျွန်တော်တို့ကို ကြိုးတုပ်ထားတဲ့ နေရာနဲ့ ကပ်လျက်၊ သုံးမီတာဝန်းကျင်လောက်ပဲ ဝေးတာ” ဟု ၎င်းက ပြောပြသည်။

စစ်သားများ မည်သည့်မူးယစ်ဆေး သုံးစွဲခဲ့သည်ကို Fortify Rights အနေဖြင့် သီးခြားအတည်မပြုနိုင်ခဲ့ပါ။ သို့သော်လည်း မြန်မာစစ်အုပ်စု၏ စစ်သားများအကြား မူးယစ်ဆေးဝါးသုံးစွဲမှု၊ အထူးသဖြင့် တရားမဝင် စိတ်ကြွဆေးဝါးများ သုံးစွဲမှုသည် ခိုင်လုံသော မှတ်တမ်းများစွာ ရှိပြီးသားဖြစ်ကာ၊ စစ်ဆင်ရေးများအတွင်း ကြမ်းတမ်းရက်စက်ပြီး ခန့်မှန်းရခက်သော အပြုအမူများ ပြုလုပ်ခြင်းနှင့်လည်း မကြာခဏ ဆက်စပ်နေလေ့ရှိသည်။

လက်နောက်ပြန်ကြိုးတုပ်ခံရပြီး မြေပြင်ပေါ်မှောက်ခုံလှဲနေရစဉ်အတွင်း၊ စစ်သားများက ရွာရှိ ဘုန်းကြီးကျောင်းအား တိုက်ခိုက်ရန် စကားပြောစက် (Walkie-talkie) ဖြင့် အပြန်အလှန် ဆက်သွယ်အမိန့်ပေးနေသည်ကို ကြားခဲ့ရကြောင်း အဆိုပါသက်သေက Fortify Rights ထံ အောက်ပါအတိုင်းပြောပြပါသည်။

“စကားပြောစက်ထဲကနေ သူတို့တပ်မှူးကို ‘ဘုန်းကြီးကျောင်းထဲမှာ PDF တွေရှိတယ်’ လို့ လှမ်းပြောကြတာ။... ဝေါကီတော်ကီထဲကနေ ‘ဘုန်းကြီးကျောင်းထဲမှာ၊ ဘုန်းကြီးကျောင်းကို တိုက်၊ ဖုံးကြဲချပစ်’ လို့ ပြောနေတာတွေကို ကျွန်တော် မှတ်မိနေတယ်။ စကားပြောစက်နဲ့ ပြောနေတဲ့ စစ်သားတွေနဲ့ ကျွန်တော်က သုံးလေးမီတာလောက်ပဲ ဝေးတာ။ လက်နောက်ပြန်ကြိုးတုပ်ခံရပြီး မှောက်ခုံလှဲနေရပေမဲ့ သူတို့ပြောတာ အကုန်လုံးကို အတိုင်းသား ကြားနေရတယ်။”

ယင်းနောက် စစ်သားတစ်ဦးက “ကလေးတစ်ယောက်ကို ပစ်သတ်လိုက်ပြီ” ဟု စကားပြောစက်မှ တစ်ဆင့် အစီရင်ခံသည်ကို ကြားခဲ့ရပြီး၊ အဆိုပါစစ်သား ရည်ညွှန်းပြောဆိုသည့် ကလေးငယ်မှာ မိမိ၏ သားဖြစ်သူဖြစ်နေကြောင်း ၎င်းအမျိုးသားက နောက်မှ သိရှိခဲ့ရသည်။

“ကျွန်တော့်သားက အသက် ၁၄ နှစ်ပဲ ရှိပါသေးတယ်။ သူက ကြောက်ပြီး ထွက်ပြေးတာကို သူတို့က သေနတ်နဲ့ လှမ်းပစ်လိုက်ကြတာ” ဟု ၎င်းက ပြောပြသည်။

စစ်အုပ်စုတပ်ဖွဲ့ဝင်များက အဆိုပါအမျိုးသားအား ညပိုင်းတွင် နေအိမ်သို့ ပြန်လွှတ်ပေးခဲ့သော်လည်း၊ ၎င်းအပါအဝင် အခြားသူများ ထိုဒေသမှ ထွက်ပြေးတိမ်းရှောင်ပါက သေနတ်ဖြင့် ပစ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း သိရှိရသည်။ ပြန်လည်လွှတ်မြောက်လာပြီးနောက် ၎င်း၏ မိသားစုကို လိုက်လံရှာဖွေခဲ့သည့် ဖြစ်စဉ်ကို အောက်ပါအတိုင်း ဆက်လက်ထွက်ဆိုထားသည်။ “လေကြောင်းတိုက်ခိုက်ခံခဲ့ရတဲ့ ဘုန်းကြီးကျောင်းကို သွားကြည့်တော့ ကျွန်တော့်ဇနီးရဲ့ ရုပ်အလောင်းကို တွေ့ခဲ့ရတယ်။ ထောင့်တစ်နေရာမှာ သူ့အလောင်းကို တွေ့တာ။ ပြီးတော့ ခေါင်းလောင်းကြီးရဲ့ ဘေးနားမှာပဲ ကျွန်တော့်သားလေး သေနေတာကိုလည်း တွေ့ခဲ့ရတယ်” ဟု ၎င်းက ရင်နင့်ဖွယ် ပြောပြသည်။

မတ်လ ၆ ရက်နေ့ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ အရပ်သား ၂၆ ဦးနှင့် ရွာအတွင်း ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂ ဦးတို့ကို သင်္ဂြိုဟ်ရန်၊ စစ်အုပ်စုက လွတ်မြောက်လာသူများအား နာရေးပြုလုပ်ခွင့်ပေးခဲ့ပြီး အဆိုပါရုပ်အလောင်းများကို ကျင်းကြီးနှစ်ကျင်းတူး၍ စုပေါင်းမြှုပ်နှံခဲ့ကြောင်းသိရသည်။

ယင်းတိုက်ခိုက်မှုမှာ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်တပ်နှင့် တော်လှန်ရေး အင်အားစုများအကြား အပြန်အလှန်ပစ်ခတ်မှုကြောင့် ဖြစ်တာမဟုတ်ကြောင်း အဆိုပါသက်သေက အခိုင်အမာဆိုသည်။ ၎င်းက "အဲဒီအချိန်တုန်းက (စစ်သားတွေက) ဘုန်းကြီးကျောင်းနားကို ရောက် နေကြပြီ။ ကျွန်တော်တို့က 'ရွာထဲမှာ PDF မရှိပါဘူး' လို့ သူတို့ကို ပြောခဲ့သေးတယ်။ စစ်သားတွေ ကိုယ်တိုင်လည်း ဘာတော်လှန်ရေးအင်အားစုမှ မရှိဘူးဆိုတာ သိနေတာပဲ" ဟု ဆက်လက်ပြောပြ သည်။

ယင်းတိုက်ခိုက်မှု၏ ရည်ရွယ်ချက်မှာ ထင်ရှားကြောင်း ၎င်းက ယူဆပြီး၊ "စစ်တပ်က ကျွန်တော်တို့ကို တော်လှန်ရေးအင်အားစုတွေကို ထောက်ပံ့တာတွေ မလုပ်စေချင်လို့ပဲ" ဟု ပြောကြားသည်။

ဒီမိုကရေစီအရေးလှုပ်ရှားမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအပေါ် ပြည်သူလူထုထောက်ခံမှု ဖြတ်တောက်ရေး မဟာဗျူဟာအရ၊ မြန်မာစစ်တပ်သည် အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်လေ့ရှိကြောင်း ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများက ဆယ်စုနှစ်ပေါင်းများစွာ မှတ်တမ်းတင်ခဲ့ကြသည်။ စစ်အုပ်စုသည် လေကြောင်းတိုက်ခိုက်မှု၊ ရွာများကို မီးရှို့ခြင်း၊ မတရား ဖမ်းဆီးနှိပ်စက်ခြင်း၊ အဓမ္မနေရပ်စွန့်ခွာခိုင်းခြင်းနှင့် အရပ်ဘက်အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခြင်းစသည့် နည်းလမ်းမျိုးစုံသုံး၍ ပြည်သူများ ထိတ်လန့်ကြောက်ရွံ့ကာ အညံ့ခံလာ စေရန် နှင့် တော်လှန်ရေးအင်အားစုများကို ထောက်ပံ့သည်ဟု ယူဆရသော ဒေသခံပြည်သူများကို အပြစ်ပေး ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သည်။

ရေတွင်းကုန်းရွာအုပ်စုအတွင်း NUG ၏ လေကြောင်းရိုက်ကူးရေး မှတ်တမ်းများကို Fortify Rights က ဖိုင်တွဲသိမ်းဆည်းထားရာ၊ ယင်းမှတ်တမ်း၌ အရပ်ဝတ်စုံဝတ်ဆင်ထားသည့် ဒေသခံ ၂၀ ကျော် မြေပြင် တွင် မှောက်ခုံလှဲနေသည်ကို တွေ့ရသည်။ ထို့ပြင် ၎င်းတို့အနီး၌ ရွာသားများက ပိတ်စဖြင့် ပတ်ထား သည့် ရုပ်အလောင်းများ မြှုပ်နှံရန် ကျင်းတူးနေကြသည်ကိုလည်း မြင်တွေ့ရသည်။

မတ်လ ၅ ရက်နေ့ နံနက်ပိုင်းက ဘုန်းကြီးကျောင်းသို့ ဆွမ်းပို့သွားစဉ် စစ်တပ်၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး၊ ရေတွင်းကုန်းကျေးရွာအုပ်စုအတွင်း ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပုံကို အသက် ၄၃ နှစ်

FORTIFY RIGHTS

အရွယ် ဒေသခံအမျိုးသမီးတစ်ဦးက Fortify Rights သို့ ပြန်လည်ပြောပြသည်။ ၎င်း၏ ထွက်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

> “စစ်သားတွေက [အပြင်က လမ်းမပေါ်မှာ] ကြိုးတုပ်ခံထားရတဲ့ အမျိုးသား သုံးလေးယောက်ကို ဝါးလုံးအရှည်တွေနဲ့ ရိုက်နှက်နေတာ ကျွန်မ မြင်ခဲ့ရတယ်။ သူတို့ရဲ့ ကျောကုန်း၊ ပုခုံးနဲ့ တင်ပါးတွေကို ရိုက်နှက်ရင်း ‘PDF တွေ ဘယ်မှာလဲ’၊ ‘မင်းတို့ဖုန်း လျှို့ဝှက်နံပါတ် (Password) ဖွင့်စမ်း’ ဆိုပြီး အော်ဟစ်စစ်မေးနေကြတာ။ အဲဒီအမျိုးသားတွေက မှောက်ခုံအတိုင်း ငြိမ်နေပြီး ဘာမှပြန်မဖြေကြဘူး။ အဲ့ဒါကြောင့် သူတို့ကို ပိုပြီး ရိုက်နှက်ကြတာ” ဟု ထွက်ဆိုသည်။

ဘုန်းကြီးကျောင်းအား တိုက်ခိုက်ရန် အမိန့်ပေးညွှန်ကြားနေသံများကိုလည်း ၎င်းအမျိုးသမီးက ကြားခဲ့ရပြီး၊ အောက်ပါအတိုင်း ဆက်လက်ထွက်ဆိုထားသည်။

> “ကျွန်မက စစ်သားတွေနဲ့ မလှမ်းမကမ်းမှာ ထိုင်နေရတာ။ သူတို့ စကားပြောစက်နဲ့ ပြောနေတုန်း စစ်သားတစ်ယောက်က ဝေါကီတော်ကီထဲကနေ ‘ဘုန်းကြီးကျောင်းကို တိုက်ခိုက်’ ဖို့ လှမ်းပြောတာ ကြားလိုက်ရတယ်။ အဲဒီလိုပြောပြီး (၁၀) မိနစ်လောက်အကြာမှာပဲ ဖုံးကြဲချတဲ့အသံ ကြားရတော့တာပဲ။ အသံကြီးက ကျယ်လွန်းလို့ ကျွန်မတို့အားလုံး ငြိမ်ပြီး အသက်တောင် မရှူရဲကြဘူး။ ဗုံးတစ်လုံး ကျကွဲတဲ့အသံ ကြားလိုက်ရပြီးတဲ့နောက် ကျွန်မလည်း အရမ်းကြောက်သွားပြီး တခြားဘယ်အသံကိုမှ မကြားမိတော့ဘူး” ဟု တုန်လှုပ်ချောက်ချားစွာ ပြန်လည်ပြောပြခဲ့ပါသည်။

သူမ ဆက်လက်ပြောကြားသည်မှာ

> [မတ်လ ၅ ရက်] ညနေ ၅ နာရီဝန်းကျင် စစ်အုပ်စုတပ်က ရွာသားတွေကို ရွာပြင်မထွက်ဖို့ ပိတ်ပင်နေကြတယ်။ “တကယ်လို့ ရွာထဲကနေ တစ်ယောက်ယောက် ထွက်ပြေးဖို့ ကြိုးစားရင် ရွာကို မီးရှို့ပြီး လူတွေအားလုံးကို သတ်ပစ်မယ်” လို့ စစ်သားတွေက ခြိမ်းခြောက်ကြတာ။ အဲဒါကြောင့် ကျွန်မတို့ အိမ်ပြန်ပြီး ထမင်းဟင်း နည်းနည်းပါးပါး ချက်စားပြီးတာနဲ့

FORTIFY RIGHTS

ဖုံးခိုကျင်းထဲဝင်အိပ်ခဲ့ကြတယ်။ စစ်တပ်က ရွာကို ဒရုန်းတွေ၊ တိုက်လေယာဉ်တွေနဲ့ ထပ်လာတိုက်ဦးမလားဆိုပြီး ကျွန်မ အရမ်းကြောက်နေခဲ့တာ” ဟု ပြောပြသည်။

ရွာသားများကို ဖမ်းဆီးထိန်းသိမ်းကာ လေကြောင်းမှ ပစ်မှတ်ထားတိုက်ခိုက်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ အဆိုပါ အမျိုးသမီး၏အမြင်ကို မေးမြန်းရာတွင် ၎င်းက “ကျွန်မတို့က တော်လှန်ရေးရဲဘော်တွေကို ထောက်ပံ့နေကြတယ်လို့ စစ်သားတွေဘက်က ထင်နေကြတာလို့ပဲလို့ ကျွန်မယူဆပါတယ်” ဟု ပြန်လည်ဖြေကြားသည်။

လေကြောင်းတိုက်ခိုက်မှုအပြီး ဘုန်းကြီးကျောင်းသို့ သွားရောက်ခဲ့သည့်အဖွဲ့တွင် ပါဝင်သောကျောင်းကုန်းရွာသားတစ်ဦးကလည်း Fortify Rights သို့ အောက်ပါအတိုင်း ပြောပြခဲ့သည်။

> “လေယာဉ်လာတဲ့အချိန်ကို ကျွန်တော်မသိပေမဲ့ တိုက်လေယာဉ်မှန်းတော့ သိတယ်။ ဖုံးခိုကျင်းထဲ ပုန်းနေတုန်း ‘ဝုန်း’ ဆိုပြီး အကျယ်ကြီး ပေါက်ကွဲသံတစ်ချက် ကြားလိုက်ရတာ။ ငါးမိနစ်လောက်စောင့်ပြီး ဒဏ်ရာရသူတွေကို ကူညီဖို့ ဘုန်းကြီးကျောင်းဘက် သွားကြည့်ခဲ့တယ်။ ကျောင်းနားရောက်တော့ ၁၅ မီတာအကွာလောက်က စစ်သားတချို့က ကျွန်တော့်ကို လှမ်းပစ်ကြတယ်။ ကျွန်တော်လည်း အားတင်းပြီး သတ္တိမွေးလိုက်တယ်။ သူတို့ လှမ်းပစ်တော့ ဝပ်ချလိုက်ပြီး ဘုန်းကြီးကျောင်းထဲကို အမြန်ဝင်ပြေးခဲ့လိုက်တယ်။”

ယင်းဒေသခံက ဘုန်းကြီးကျောင်းသို့ ရောက်ရှိချိန်တွင် လူငယ်အများအပြား ဘေးလွတ်ရာသို့ ထွက်ပြေးလွတ်မြောက်နိုင်အောင် ကူညီပေးခဲ့ပုံကို ယခုကဲ့သို့ ရှင်းပြသည်။

> “ကောင်လေးတစ်ယောက်ဆိုရင် ခေါင်းမှာ ဒဏ်ရာရပြီး သွေးတွေ မျက်နှာပေါ်အထိ စီးကျနေတာ။ ကျွန်တော် ဘုန်းကြီးကျောင်း ရောက်သွားတော့ လူငယ်လေးတွေက ‘ဦးလေး၊ ကျွန်တော်တို့ကို ကယ်ပါဦး’ လို့ ဝိုင်းပြီး အကူအညီတောင်းကြတယ်” ဟု ယင်းကပြန်ပြောပြသည်။

FORTIFY RIGHTS

ထို့ပြင် ဒဏ်ရာရထားသော အမျိုးသမီးတစ်ဦးကို ပွေ့ချီကယ်ထုတ်ပေးခဲ့ပုံကိုလည်း ယင်းဒေသခံက Fortify Rights သို့ ယခုကဲ့သို့ ဆက်လက်ပြောပြသည်။

> "သူက ရင်ဘတ်၊ ခေါင်းနဲ့ ခြေထောက်တွေမှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတာ။ ခေါင်းနဲ့ ရင်ဘတ်ကနေ သွေးတွေ စီးကျနေလို့ သူ့ကို ကျောပိုးသယ်လာခဲ့ရတာ၊ ကျွန်တော့်အင်္ကျီ တစ်ထည်လုံးလည်း သွေးတွေချည်းပဲ။ ဒဏ်ရာကတော်တော်ပြင်းတယ်။ ဘုန်းကြီးကျောင်း ကနေ သူသေးဆုံးခဲ့တဲ့အိမ်ကိုရောက်ဖို့ သူ့ကိုသယ်လာရတာ လေးနာရီလောက် ကြာတယ်။ သူ မွန်းလွဲ ၂ နာရီလောက်မှာ ဆုံးသွားခဲ့တာ ထင်တယ်။ သူ့နာမည်တော့ ကျွန်တော်မသိဘူး၊ အသက် ၄၀ ကျော်လောက် ရှိပြီ။ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရပြီး ဆုံးပါးသွားခဲ့ တာပါ။"

Fortify Rights မှ ၎င်းအား ဘုန်းကြီးကျောင်း ဓာတ်ပုံများကို ပြသခဲ့ချိန်တွင် ၎င်းက ကျောင်းတွင်းသို့ ဝင်ရောက်ခဲ့သည့်လမ်းနှင့် အဆောက်အအုံ အခြေအနေကို ရှင်းပြသည်။ "ဘုန်းကြီးကျောင်းကတော့ လုံးဝ ပျက်စီးသွားပြီ။ အမိုးဆိုရင်လည်း လုံးဝမရှိတော့ဘူး။ ကျောင်းကိုက ကွန်ကရစ်နဲ့ ဆောက်ပြီး သစ်သားကြမ်းခင်း ခင်းထားတာ၊ အခုတော့ ပထမထပ်က အကုန်ပြိုကျသွားတယ်။"

ထိုအမျိုးသားက ဘုန်းကြီးကျောင်းဝင်းအတွင်း သေဆုံးနေသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့ပုံကိုလည်း ယခုကဲ့သို့ ဆက်လက်ပြောပြသည်။ "ကိုယ်ဝန်ဆောင်အမျိုးသမီးက သေနေပြီ၊ ပြီးတော့ ကလေးရဲ့လက်လေးက သူ့ဗိုက်ထဲကနေ ထွက်နေတာ။ မကြာခင် ကလေးမွေးတော့မယ့်သူ ထင်တယ်"

မတ်လ ၆ ရက်နေ့တွင် ရုပ်အလောင်းများ မြေမြှုပ်သင်္ဂြိုဟ်ရန် ကျင်းကြီးနှစ်ကျင်း ကူတူးပေးခဲ့ပုံကို လည်း ၎င်းက အောက်ပါအတိုင်း ပြောပြသည်။

> "စစ်သားတွေက ကျွန်တော်တို့ကို ကျင်းတူးဖို့ နှစ်နာရီပဲ အချိန်ပေးလို့ [ဘုန်းကြီးကျောင်းထဲကနေ] ရုပ်အလောင်းတွေကို အမြန်သယ်ခဲ့ကြရတာ။ ကျွန်တော်ကတော့ အလောင်းတွေကို ပုခုံးပေါ်ထမ်းပြီး မြေမြှုပ်ကျင်းထဲအထိ

သယ်သွားပေးခဲ့တယ်။ သူတို့က [အမျိုးသားတွေကို] အတန်းလိုက် စီထားပြီး၊ ကလေးတွေကိုတော့ အမျိုးသမီးတွေရဲ့ ခြေထောက်ပေါ်မှာ တင်ထားပေးတာ။ အဲဒီလိုနဲ့ပဲ အကုန်လုံးကို စုပြီး မြှုပ်ခဲ့ကြရတာ။”

NUG ၏ ထုတ်ပြန်ချက်အရ မတ်လ ၇ ရက်တွင် NUG ကာကွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ PDF တပ်ဖွဲ့များ သည် မြန်မာနိုင်ငံ၏ သက်တမ်းအရင့်ဆုံး တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပူးပေါင်းကာ၊ ဖမ်းဆီးခံထားရသည့် အရပ်သားများကို ကယ်ဆယ်ရေးလုပ်ငန်းစဉ်တစ်ရပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်အုပ်စုက မတရားဖမ်းဆီးထိန်းသိမ်းထားသူများကို အန္တရာယ်နှင့် စိန်ခေါ်မှုများပြားလှသည့် ကယ်ဆယ်ရေးလုပ်ငန်းစဥ်တစ်ခုကို ဆောင်ရွက်ခဲ့ကြောင်း PDF တပ်မှူး စောဒေါက ရှင်းပြခဲ့သည်။ စစ်ဆင်ရေးအတွင်း အရပ်သားများကို အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သော်လည်း ထိုလုပ်ငန်းစဉ်မှာ “အလွန်ပင် အန္တရာယ်ကြီးမားခဲ့ကြောင်း” Fortify Rights သို့ ပြောကြားခဲ့သည်။

နွေဦးစစ်သည်တော်များစစ်ကြောင်း (Spring Warrior Column) မှ PDF ကွန်မန်ဒိုတစ်ဦးက မတ်လ ၇ ရက် ည ၁၀ နာရီကျော်တွင် စစ်အုပ်စုတပ်များကို တိုက်ထုတ်ကာ ဖမ်းဆီးခံအရပ်သားများကို ကယ်ဆယ်ရန် ရွာတွင်းသို့ ဝင်ရောက်ခဲ့ပုံကို ရှင်းပြသည်။ စစ်တပ်ဆုတ်ခွာသွားချိန်၌ ထွက်ပြေးလာသော အရပ်သားများကိုလည်း ဘေးလွတ်ရာသို့ ချောမောစွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

> “ကျွန်တော် သူတို့ကို လမ်းပြပေးခဲ့တာ” ဟု PDF ရဲဘော်က ယာယီဆေးခန်းခုတင်ပေါ်မှ ပြောပြသည်။ ၎င်းသည် ယင်းကယ်ဆယ်ရေးအပြီး တစ်ပတ်အကြာတွင် ပဲခူးတိုင်းရှိ အခြားတိုက်ပွဲတစ်ခု၌ ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသမှု ခံယူနေရသူ ဖြစ်သည်။ ၎င်းက “[မတ်လ ၇ ရက်နေ့က] ကျွန်တော် သူတို့ကို ဦးဆောင်ခေါ်ထုတ်လာချိန်မှာ ကလေးတွေက ကျွန်တော့်လက်ကို ကိုင်ထားကြတယ်။ ဒဏ်ရာရထားတဲ့ အသက်ကြီးပိုင်း အမျိုးသမီး တစ်ဦးကိုတော့ ဝါးလုံးကို လုံချည်နဲ့တွဲချည်ထားတဲ့ ထမ်းစင်ပေါ်တင်ပြီး ကျွန်တော်တို့ ထမ်းသယ်ခဲ့ကြရတာ။”

ပဲခူးတိုင်းအတွင်း အရပ်သားများကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (IHL) ကို ပြင်းထန်စွာ ချိုးဖောက်ရာ ရောက်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်နှင့် ဒီမိုကရေစီလိုလားသည့် တော်လှန်ရေးအင်အားစုများအကြား လက်နက်ကိုင်ပဋိပက္ခများသည် တစ်နိုင်ငံလုံးအနှံ့ ပိုမိုပြင်းထန်လာနေသည်။

၂၀၂၁ ခုနှစ်တွင် မတရားအာဏာသိမ်းယူခဲ့သည့် စစ်အုပ်စုကို တော်လှန်ရာတွင် ပဲခူးတိုင်းသည် မဟာဗျူဟာမြောက် အချက်အချာကျသည့် စစ်မျက်နှာတစ်ခု ဖြစ်လာသည်။ ပဲခူးတိုင်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော် ရန်ကုန်နှင့် စစ်အုပ်စုအခြေစိုက်ရာ နေပြည်တော်အကြားတည်ရှိသဖြင့် အရေးပါသော လမ်းကြောင်းတစ်ခုဖြစ်ပြီး၊ မကြာသေးမီနှစ်များအတွင်း တော်လှန်ရေးတပ်ဖွဲ့များက ပဲခူးတိုင်း၏ အချို့နယ်မြေများတွင် အခိုင်အမာ ခြေကုပ်ယူကာ စစ်အုပ်စု၏ စိုးမိုးမှုကို ဖိအားပေး စိန်ခေါ်လာနေသည်။

ဂျနီဗာကွန်ဗင်းရှင်း၏ ဘုံသဘောတူညီချက် အပိုဒ် ၃ (Common Article 3) အပါအဝင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ သို့မဟုတ် စစ်ပွဲဆိုင်ရာ ဥပဒေများအရ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများသည် တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသူများအား သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းတမ်းစွာ ဆက်ဆံခြင်းနှင့် ကိုယ်လက်အင်္ဂါ ဖြတ်တောက်ခြင်း အစရှိသည့် "အသက်ခန္ဓာနှင့် လူပုဂ္ဂိုလ်အပေါ် အကြမ်းဖက်မှုများ" မကျူးလွန်ရန် တားမြစ်ထားသည်။ ၎င်းအပြင် ဓားစာခံအဖြစ် ဖမ်းဆီးခြင်းကို ပိတ်ပင်ထားပြီး၊ အရပ်သားများနှင့် အကာအကွယ်ရရှိထားသူ အားလုံးကို လူသားဆန်စွာ ဆက်ဆံရန် ပြဋ္ဌာန်းထားသည်။

အရပ်သားများ ခိုလှုံရာ ဘုန်းကြီးကျောင်းကို ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် အသက် ၁၄ နှစ်အရွယ် လူငယ်အား သတ်ဖြတ်ခြင်းသည် နိုင်ငံတကာဥပဒေအရ စစ်ရာဇဝတ်မှု မြောက်နိုင်သည်။ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များသည် တိုက်ခိုက်ခွင့်ရှိသော စစ်ရေးပစ်မှတ်များ၊ တိုက်ပွဲထဲတွင်ပါဝင်နေသည့် စစ်သည်များနှင့် အကာအကွယ်ရပိုင်ခွင့်ရှိသော အရပ်သားများ၊ ဘာသာရေးအဆောက်အအုံ အပါအဝင် အရပ်ဘက်ပစ္စည်းများကို ကွဲပြားစွာ

သိရှိရမည်ဖြစ်ပြီး ယင်းအဆောက်အအုံများသည် စစ်ရေးအတွက် အသုံးပြုနေချိန်မှလွဲ၍ တိုက်ခိုက်ခြင်းမှ ရှောင်ကျဉ်ရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များသည် စစ်ရေးပစ်မှတ်များကို အတည်ပြုနိုင်ရန်အတွက် အပြင် အရပ်သားများနှင့် အရပ်ဘက်ပစ္စည်းများအား ထိခိုက်မှုနည်းပါးနိုင်စေရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ အလုံးစုံကို သေချာစွာ လုပ်ဆောင်ရမှာဖြစ်ပါသည်။

မြန်မာစစ်အုပ်စုသည် ပဲခူးတိုင်း၊ ကရင်နီနှင့် ကချင်ပြည်နယ် အပါအဝင် အရပ်သားများ နေထိုင်ရာဒေသများကို စစ်ရေးအရ အကြောင်းပြချက်မရှိဘဲ လေကြောင်းမှ အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်နေခြင်းသည် စစ်ရာဇဝတ်မှု မြောက်နိုင်သည်။ အဆိုပါ တိုက်ခိုက်မှုများသည် တစ်ပြည်လုံးရှိ အရပ်သားများအပေါ် ပစ်မှတ်ထားသည့် စစ်အုပ်စု၏ စနစ်တကျ တိုက်ခိုက်မှုများထဲမှ အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း Fortify Rights က ပြောကြားသည်။

“စစ်ဥပဒေတွေဟာ အရပ်သားတွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းနဲ့ သတ်ဖြတ်ခြင်းကနေ အကာအကွယ်ပေးထားတာဖြစ်ပါတယ်” ဟု John Quinley က ပြောကြားသည်။ “ပဲခူးတိုင်းမှာ ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုသည် တရားမျှတမှုဖော်ဆောင်ရန်နှင့် မြန်မာစစ်အုပ်စု၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေမှုကို အဆုံးသတ်ရန် ချက်ချင်းလိုအပ်နေပြီဖြစ်ကြောင်းကို ပြသနေတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အာဆီယံအိမ်နီးချင်းနိုင်ငံများနဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အခုထက်ပိုပြီး ဆောင်ရွက်နိုင်သင့်ပါတယ်။”

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**


**John Quinley III**

Director

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, WhatsApp)

**အီးမေးလ်** - John.Quinley@FortifyRights.org

**တွစ်တာ/X** - @John_hq3, @FortifyRights

**မချစ်ဆိုင်း**

အကြီးတန်းလူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးအထူးတာဝန်ခံ

Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+66 65 518 7335 (WhatsApp; Signal)

**အီးမေးလ်** - Chit.Seng@FortifyRights.org

**တွစ်တာ/X** - @SengChit, @FortifyRights